# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အလုပ်သမားဝန်ကြီးဌာန

(တင်ဒါလျှောက်လွှာခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများ၊ ဆေးခန်းများနှင့် လူမှုဖူလုံရေးအဖွဲ့မှ လိုအပ်ချက်ရှိသောနေရာဒေသများတွင် ခေတ်ခွဲစမ်းသပ်မှုဝန်ဆောင်မှု လုပ်ဆောင်နိုင်သော ပုဂ္ဂလိကကုမ္ပဏီများအား အောက်ပါအတိုင်းတင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | – | ၂၂-၅-၂၀၂၃ ရက်နေ့မှ<br>၂၆-၅-၂၀၂၃ ရက်နေ့ထိ |
| (ခ) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် နေ့ရက်၊ အချိန် | – | ၅-၆-၂၀၂၃ ရက်နေ့ (၁၆:၃၀) နာရီ |
| (ဂ) | တင်ဒါတင်သွင်းရမည့်နေရာ | – | လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်- ၉/၇၇ ရွှေတောင်သီရိလမ်း၊ဇေဝနသိဒ္ဓိရပ်ကွက် ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါအဆိုပြုလွှာများကို တင်သွင်းရာတွင် သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်း ခြင်း၊ ချိတ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများ ကို လုံးဝ (လုံးဝ) လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://www.ssb.gov.mm တို့တွင် လေ့လာနိုင်ပြီး ဖုန်း ၀၆၇-၃၄၁၇၉၁၆ ၊၀၆၇-၃၄၁၇၉၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝန်ကြီးဌာနတင်ဒါကော်မတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အလုပ်သမားဝန်ကြီးဌာန

# လူမှုဖူလုံရေးအဖွဲ့

# လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများ၊ ဆေးခန်းများနှင့် စာချုပ်ဆေးခန်းများတွင် ဓာတ်ခွဲခန်းဝန်ဆောင်မှုဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ

**တင်ဒါတင်သွင်းခြင်း**

၁။ တင်ဒါအသေးစိတ် အချက်အလက်တင်သွင်းလွှာ (Specification) များကို ဥက္ကဋ္ဌ၊ တင်ဒါအဆိုပြုလွှာလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အလုပ်သမားဝန်ကြီးဌာန၊နေပြည်တော်သို့ လိပ်မူ၍ တင်ဒါတင်သွင်းလွှာ မူရင်း (၁)စုံ၊ မိတ္တူ (၁)စုံ၊ Soft Copy DVD (၁)ချပ်တို့ကို **၂၀၂၃ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့ (၁၆:၃၀) နာရီ နောက်ဆုံးထား၍** ပေးသွင်းရမည်။

၂။ ဈေးနှုန်းတင်သွင်းရာတွင် စမ်းသပ်စစ်ဆေးနိုင်သည့် **ဓာတ်ခွဲစမ်းသပ်မှုအမျိုးအစားများ၊ ဈေးနှုန်းများအား စာအိတ် (B)** တွင် ထည့်သွင်း၍လည်းကောင်း၊ တင်ဒါအဆိုပြုလွှာ (မူရင်း)၊ သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်(မိတ္တူ)၊ ပုဂ္ဂလိကဓာတ်ခွဲခန်းလိုင်စင်(မိတ္တူ)၊ တင်ဒါအာမခံငွေပေးသွင်းထားသောငွေသွင်းစာရွက်(မူရင်း)၊ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှ အခွန်ကင်းရှင်းကြောင်းအထောက်အထား၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးဆိုင်ရာဖော်ပြချက် (Financial Statement) မူရင်းနှင့် နိုင်ငံတော်သို့ ၂၀၂၁-၂၀၂၂ ခုနှစ်အတွက် အခွန်ကင်းရှင်းကြောင်း (သို့မဟုတ်) ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် သတ်မှတ်ထားသော အခွန်ပေးဆောင်ပြီးစီးမှုမှတ်တမ်းများအား **စာအိတ်(A)(က)**တွင် ထည့်သွင်း၍ လည်းကောင်း၊ Company Profile နှင့် သက်တမ်းရှိကုမ္ပဏီလိုင်စင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်၊ ဓာတ်ခွဲခန်းလိုင်စင်များ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံနှင့် လုပ်ငန်းလည်ပတ်မှုအခြေအနေတင်ပြချက်များ၊ကိုယ်ပိုင်ဓာတ်ခွဲခန်း လုပ်ငန်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံနှင့်သက်တမ်း၊ တင်ဒါအောင်မြင်ပါက အလုပ်သမားဆေးရုံကြီးများတွင် ပြင်ဆင်ဆောင်ရွက်မည့် Site Plan ၊ ဓာတ်ခွဲခန်းတွင် အသုံးပြုမည့်ရေစနစ်၊ စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်မည့် အစီအစဉ်၊ ဝန်ဆောင်မှုပေးနိုင်မည့် အခြေအနေ (Collection Centre ထားရှိဆောင်ရွက်ပေးနိုင်မည့် အခြေအနေ)၊ ဓာတ်ခွဲစစ်ဆေးချက်များထုတ်ပေးနိုင်မှုနှင့် ပေးပို့နိုင်မည့် အခြေအနေ၊ ဓာတ်ခွဲခန်းတွင် အသုံးပြုမည့် ဓာတ်ခွဲစမ်းသပ်စက်များနှင့် ဓာတ်ခွဲ စမ်းသပ်စက်များအတွက် Calibration Label/ Certificate များ၊ Quality Control အတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် နိုင်ငံတကာအသိမှတ်ပြုလက်မှတ်များ၊ ဓာတ်ခွဲခန်း တွင် တာဝန်ယူဆောင်ရွက်မည့် ရောဂါဗေဒဆရာဝန်ကြီး၊ အဏုဇီဝဗေဒဆရာဝန်ကြီးနှင့် ဓာတ်ခွဲခန်း ဝန်ထမ်းများ၏ အစိုးရအသိအမှတ်ပြုလိုင်စင်များ၊ စမ်းသပ်စစ်ဆေးနိုင်သည့် ဓာတ်ခွဲစမ်းသပ်မှု အမျိုးအစားများကို **စာအိတ်**

**(A)(ခ)** တွင် ထည့်၍လည်းကောင်း ချိပ်ပိတ်၍ သတ်မှတ်ထားသော နေ့ရက်နှင့်အချိန်ထက် နောက်မကျစေဘဲ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော်သို့ ပေးပို့တင် သွင်းရမည်ဖြစ်ပြီး သတ်မှတ်အချိန်ကာလ ကျော်လွန်ပေးသွင်းသော တင်ဒါအဆိုပြုလွှာများအား လုံးဝ (လုံးဝ) ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ချိပ်ပိတ်ထားမှုမရှိခြင်း၊ ပေါက်ပြဲနေခြင်း၊ ရေစို စုတ်ပြဲနေခြင်း နှင့် email ဖြင့် ပေးပို့လာသည့် တင်ဒါအဆိုပြုလွှာများအား လုံးဝ (လုံးဝ) လက်ခံ မည် မဟုတ်ပါ။

၃။ ဓာတ်ခွဲခန်းဝန်ဆောင်မှု ဆောင်ရွက်မည့်သူသည် ဓာတ်ခွဲခန်း၏ အရည်အသွေးထိန်းသိမ်းမှု (Quality Control) တွင် Internal Quality Control ကို နေ့စဉ်ဓာတ်ခွဲစမ်းသပ်မှုများ မစတင်မီ ပြုလုပ်ပေးရမည်။ External Quality Control ကို National Health Laboratory အမျိုးသား ကျန်းမာရေးဓာတ်ခွဲခန်းမှ သတ်မှတ်ထားသည့်ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ရမည်။

၄။ ဓာတ်ခွဲဝန်ဆောင်မှု ဆောင်ရွက်မည့်သူသည် ဈေးနှုန်းတောင်းခံလွှာပုံစံပါ အချက်များကို ဖြည့်စွက်လက်မှတ်ရေးထိုးလျက် စာအိတ်ပေါ်တွင် ဈေးနှုန်းတင်သွင်းလွှာအမှတ်၊ နေ့စွဲ စသည် တို့ကို ပြည့်စုံစွာဖော်ပြပြီး တင်ဒါဖွင့်မည့်နေ့တွင် ထည့်သွင်းယှဉ်ပြိုင်ရမည်။

၅။ ဈေးနှုန်းတင်သွင်းသည့်အခါ လူပုဂ္ဂိုလ်အမည်အစား လုပ်ငန်းအမည် (သို့မဟုတ်) ကုမ္ပဏီ အမည်ဖြင့်သာတင်သွင်းရမည်။ လုပ်ငန်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းသည် တရားဝင်ကုမ္ပဏီ မှတ်ပုံတင်ပြီးဖြစ်ရမည့်အပြင် သက်တမ်းပြတ်နေခြင်း မရှိစေရပါ။ ဝန်ကြီးဌာနများမှ ထုတ်ပြန် ထားသော ကုမ္ပဏီအမည်ပျက်စာရင်းတွင် ပါဝင်ခြင်းမရှိစေရပါ။

၆။ အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်စိစစ်သည့်နေ့တွင် အထောက်အထားများ၊ လိုင်စင်များ၏ မူရင်း ကိုတင်ပြနိုင်ရမည်၊

၇။ ဈေးနှုန်းဖွင့်ဖောက်သည့်နေ့တွင် လာရောက်သည့် ဥက္ကဋ္ဌ (သို့မဟုတ်) Managing Director သည် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ စိစစ်သည့်ဈေးနှုန်းနှင့်ပစ္စည်းအပေါ် ဆုံးဖြတ်ပေးနိုင် သူဖြစ်ရမည်။

၈။ ကုမ္ပဏီများမှတင်သွင်းသည့် နည်းပညာဆိုင်ရာအဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာ အချက်အလက်များပေါ်မူတည်၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် (၁/၂၀၁၇)၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) တို့နှင့်အညီ နည်းပညာဆိုင်ရာ အမှတ် ၅၀ % နှင့် ဈေးနှုန်းဆိုင်ရာအမှတ် ၅၀ % သတ်မှတ်ပေးသွားမည်ဖြစ်ပြီး အမှတ်ပေးရာ တွင် အရည်အသွေးနှင့် ဈေးနှုန်းအနည်းအများအလိုက် အမှတ်ပေးသွားမည်ဖြစ်ပါသည်။

**၉။ တင်ဒါကော်မတီသည် မည်သည့်ဈေးနှုန်းတင်သွင်းလွှာကိုမဆို အကြောင်းတစ်စုံတစ်ရာ မဖော်ပြဘဲ ရွေးချယ်ခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းပြုလုပ်နိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသော ဈေးနှုန်းတင်သွင်းလွှာ အတွက် အကြောင်းပြန်ကြားမည်မဟုတ်ပါ။**

**၁၀။ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ စိစစ်ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်များသာ အတည်ဖြစ်သည်။**

၁၁။ ဈေးနှုန်းတင်သွင်းရာတွင် ခေတ်ခွဲစမ်းသပ်မှု အမျိုးအစားတစ်မျိုးချင်းစီ၏ ဈေးနှုန်းကို မြန်မာကျပ်ငွေဖြင့်သာ ဖော်ပြပေးသွင်းရမည်ဖြစ်ပါသည်။ ဈေးနှုန်းတင်သွင်းသည့် ခေတ်ခွဲစမ်းသပ်မှုအမျိုးအစားများသည် ကြိုတင်ပေးပို့တင်ပြထားသည့် စမ်းသပ်စစ်ဆေးနိုင်သည့် ခေတ်ခွဲစမ်းသပ်မှုအမျိုးအစားများ၊ Company Profile ၊ စာအိတ် (A) တို့နှင့် ကိုက်ညီမှုရှိရပါမည်။

၁၂။ ခေတ်ခွဲစမ်းသပ်မှု ဝန်ဆောင်မှုဆောင်ရွက်ရန် ရွေးချယ်ခြင်းခံရသူ/ တင်ဒါအောင်မြင်သူသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အစစ်ဆေးခံအဖွဲ့အစည်းများအတွက် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုနိုင်ရမည်။

၁၃။ တင်ဒါအောင်မြင်သူသည် မိမိရရှိသောလုပ်ငန်းကို ထပ်ဆင့်လွှဲပြောင်းပေးခြင်းမပြုရ။ တင်ဒါလာရောက်ယှဉ်ပြိုင်သူများသည် ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၁၄။ စာချုပ်ချုပ်ပြီး သတ်မှတ်ကာလအတွင်း ခေတ်ခွဲစမ်းသပ်မှုဝန်ဆောင်မှုအား စတင်ဆောင်ရွက်နိုင်ရမည်။

၁၅။ အလုပ်သမားဆေးရုံကြီးတွင် ခေတ်ခွဲခန်းဝန်ဆောင်မှုဆောင်ရွက်ရာတွင် အသုံးပြုမည့် အခန်းအတွက် ငှားရမ်းခအား သတ်မှတ်နှုန်းထားများနှင့်အညီ လူမှုဖူလုံရေးအဖွဲ့သို့ ပေးသွင်းရမည်။

**တင်ဒါအာမခံကြေး**

၁၆။ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းသူသည် **အိတ်ဖွင့်တင်ဒါအာမခံကြေးငွေ ကျပ်၆,၅၀၀,၀၀၀/- (ကျပ်ခြောက်ဆယ့်ငါးသိန်းတိတိ)** ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေပေးအမိန့် (Payment Order Cheque) ပြုလုပ်၍ မူရင်းကို တစ်ပါတည်းပေးသွင်းရမည်။ တင်ဒါအနိုင်ရရှိသည့်ကုမ္ပဏီအား ထုတ်ပြန်ကြေညာပြီး (၇) ရက်အတွင်း ကျန်ကုမ္ပဏီများ၏ တင်ဒါအာမခံကြေးငွေများကို ပြန်လည်ထုတ်ပေးပါမည်။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအနေဖြင့် စာချုပ်ချုပ်ဆိုပြီးမှ တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၁၇။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းအာမခံစပေါ်ငွေအဖြစ် ဆောင်ရွက်မည့် ခေတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းတန်ဖိုး၏ ၁၀% (တစ်ဆယ်ရာခိုင်နှုန်း)နှင့်ညီမျှသော လုပ်ငန်းအာမခံကြေး **(Performance Guarantee)** အဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် (၁၂) လ ဘဏ်အာမခံထားရှိရမည်ဖြစ်ပြီး ငွေသွင်းချလံမူရင်းဖြင့် ပစ္စည်းဝယ်ယူရေး/ လုပ်ငန်းအပ်နှံသည့် စာချုပ်မချုပ်မီ ဤရုံး

သို့ ကြိုတင်ပေးသွင်းထားရမည်။ လုပ်ငန်းပြီးစီးချိန်တွင် လုပ်ငန်းအာမခံကြေး **(Performance Guarantee)** အား ပြန်လည်ထုတ်ပေးပါမည်။

၁၈။ ငွေပေးချေရာတွင် **Withholding Tax** အဖြစ် စုစုပေါင်း ကျသင့်ငွေ၏ ၂ % (နှစ်ရာခိုင်နှုန်း) ကို ဖြတ်တောက်ပေးချေမည်ဖြစ်ပါသည်။

၁၉။ ဈေးနှုန်းတင်သွင်းသူသည် ရွေးချယ်ခံရပြီးနောက်မှ ဝန်ဆောင်မှုဆောင်ရွက်ရန် ငြင်းဆိုလျှင် ဖြစ်စေ၊ ရွေးချယ်ကြောင်း အကြောင်းကြားပြီး (၇) ရက်မြောက်သည့်တိုင် လာရောက်၍ လုပ်ငန်းစာချုပ်ချုပ်ဆိုခြင်း မရှိလျှင်ဖြစ်စေ ပေးသွင်းထားသော အာမခံငွေများကို သိမ်းယူမည် ဖြစ်ပြီး ဤရုံး၏ လုပ်ငန်းရှင်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။ ပြည်ထောင်စု ဝန်ကြီးဌာနအားလုံးသို့ ပယ်ဖျက်ခြင်းခံရသည့်စာရင်းကိုပေးပို့အကြောင်းကြားမည်ဖြစ်ပါသည်။

**တင်ဒါအဆိုပြုဈေးနှုန်းတည်မြဲကာလနှင့်တင်ဒါတည်မြဲကာလ**

၂၀။ ကုမ္ပဏီများမှ တင်သွင်းထားသော ငွေကြေးဆိုင်ရာအဆိုပြုလွှာတွင် ဖော်ပြထားသည့် ဈေးနှုန်းတင်သွင်းလွှာတွင်ပါရှိသည့် **ဈေးနှုန်းတည်မြဲကာလ**ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ **(၁) နှစ်** သတ်မှတ်ပါသည်။ **တင်ဒါတည်မြဲကာလ**အား တင်ဒါတင်သွင်းသည့်နေ့မှစ၍ **(၂)လ** သတ်မှတ်ပါသည်။

**တင်ဒါတင်သွင်းမည့်ကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက်**

၂၁။ ဓာတ်ခွဲခန်းဝန်ဆောင်မှု ဆောင်ရွက်မည့်သူသည် လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမား ဆေးရုံကြီးများတွင် ၂၄နာရီ ဖွင့်လှစ်နိုင်သော ဓာတ်ခွဲခန်းတစ်ခု ဖွင့်လှစ်ပေးရမည်ဖြစ်ပြီး အောက်ပါအတိုင်းဆောင်ရွက်ပေးရမည်-

(က) လူမှုဖူလုံရေးအဖွဲ့မှ လိုအပ်သော ပူးတွဲပါ ဓာတ်ခွဲစမ်းသပ်မှု အမျိုးအစားများကို ဆောင်ရွက်ပေးရမည်။

( ခ ) အလုပ်သမားဆေးရုံကြီးများတွင် ဖွင့်လှစ်မည့် ဓာတ်ခွဲခန်းအတွက် လိုအပ်သော ဓာတ်ခွဲစက်ပစ္စည်းများနှင့် အသုံးပြုမည့် **Test Kit** ကို **FDA** အသိအမှတ်ပြု (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိထားသော အဆင့်မြင့်စက် ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ရမည်။

( ဂ ) လူမှုဖူလုံရေးအဖွဲ့၏ ဆေးကုသမှုကွန်ယက်အတွင်းရှိ ဆေးရုံ၊ မြို့နယ်လူမှုဖူလုံရေး ဆေးခန်း၊ စာချုပ်ဆေးခန်းများတွင် ပြသသော အာမခံအလုပ်သမားများအတွက် လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများကို ချိတ်ဆက်ဆောင်ရွက်နိုင်ရမည်။

(ဃ) တိုင်း/ ပြည်နယ် အသီးသီးတွင် Collection Centers များ ထားရှိနိုင်ရမည်ဖြစ်ပြီး မြို့နယ်လူမှုဖူလုံရေးဆေးခန်းများမှ ပြုလုပ်သော ဓာတ်ခွဲစမ်းသပ်မှုများကို

ထောက်ပံ့သူမှာ မိမိအစီအစဉ်၊ မိမိကုန်ကျစရိတ်ဖြင့် Sample တစ်ခုချင်းအလိုက် လိုအပ်သော အခြေအနေ (Ideal Condition) နှင့် လိုအပ်သော Container နှင့် Packed Material များ ထောက်ပံ့ပေးပြီး Collection Centers များသို့ အချိန်မီ ပို့ဆောင်ပေးနိုင်ရမည်။

( င ) Sample အလိုက် စွန့်ပစ်မည့်အစီအစဉ်များကို ထည့်သွင်းဖော်ပြရမည်။

( စ ) မှန်ကန်တိကျသော ဓာတ်ခွဲစမ်းသပ်မှုအဖြေများကို ၂၄ နာရီအတွင်း (သို့မဟုတ်) အနိမ့်ဆုံးကြာမြင့်ချိန်ဖြင့် ထုတ်ပေးနိုင်ရမည်။

(ဆ) လူမှုဖူလုံရေးအဖွဲ့မှ အတည်ပြုသတ်မှတ်ထားသော ဓာတ်ခွဲစမ်းသပ်မှု ဈေးနှုန်းများကို လက်ခံဆောင်ရွက်နိုင်ရမည်။

( ဇ ) လူမှုဖူလုံရေးအဖွဲ့၏ ဆေးကုသမှုကွန်ယက်အတွင်း လိုအပ်သော Sample Collection များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

( ဈ ) စစ်ဆေးပြီးအဖြေများကို သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများမှ လက်မှတ်ရေးထိုးပြီး လူမှုဖူလုံရေးအဖွဲ့၏ ဆေးကုသမှုကွန်ယက်အတွင်းရှိ ဆေးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း၊ စာချုပ်ဆေးခန်းများသို့ မိမိအစီအစဉ်ဖြင့် အရောက်ပို့ပေးရမည်။

(ည) ဓာတ်ခွဲစမ်းသပ်ကုန်ကျစရိတ်များကို လူနာအမည်၊ တက်ရောက်ကုသသောဆေးကုသဆောင် (သို့) ပြင်ပလူနာဌာန၊ ပြုလုပ်ခဲ့သော ဓာတ်ခွဲခန်းစမ်းသပ်မှုနှင့် ရက်စွဲ၊ ကုန်ကျငွေကျပ်တို့ကို ပြည့်စုံစွာရေးသားပြီး လတစ်လ၏ နောက်ဆုံးပတ်တွင် လစဉ် တင်ပြတောင်းခံရမည်။

(ဋ) ဓာတ်ခွဲခန်းဝန်ဆောင်မှု ဆောင်ရွက်မည့်သူသည် တင်ဒါတင်သွင်းရာတွင် အောက်ပါအချက်များကို ထည့်သွင်းအဆိုပြု တင်သွင်းရမည်-

(၁) Company Profile နှင့် သက်တမ်းရှိကုမ္ပဏီလိုင်စင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်၊ ဓာတ်ခွဲခန်းလိုင်စင်များ၊

(၂) လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံနှင့် လုပ်ငန်းလည်ပတ်မှု အခြေအနေတင်ပြချက်များ၊

(၃) ကိုယ်ပိုင်ဓာတ်ခွဲခန်းလုပ်ငန်း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံနှင့် သက်တမ်း၊

(၄) တင်ဒါအောင်မြင်ပါက အလုပ်သမားဆေးရုံကြီးများတွင် ပြင်ဆင်ဆောင်ရွက်မည့် Site Plan၊

(၅) ဓာတ်ခွဲခန်းတွင် အသုံးပြုမည့်ရေစနစ်၊

(၆) စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်မည့်အစီအစဉ်၊

(၇) ဝန်ဆောင်မှုပေးနိုင်မည့်အခြေအနေ(Collection Centre ထားရှိဆောင်ရွက်ပေးနိုင်မည့် အခြေအနေ)၊

(၈) ဓာတ်ခွဲစစ်ဆေးချက်များ ထုတ်ပေးနိုင်မှုနှင့် ပေးပို့နိုင်မည့် အခြေအနေ၊

(၉) ဓာတ်ခွဲခန်းတွင် အသုံးပြုမည့် ဓာတ်ခွဲစမ်းသပ်စက်များနှင့် ဓာတ်ခွဲစမ်းသပ်စက်များအတွက် Calibration Label/ Certificate များ၊

(၁၀) Quality Control အတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် နိုင်ငံတကာအသိမှတ်ပြုလက်မှတ်များ၊

(၁၁) ဓာတ်ခွဲခန်းတွင် တာဝန်ယူဆောင်ရွက်မည့် ရောဂါဗေဒဆရာဝန်ကြီး၊ အဏုဇီဝဗေဒဆရာဝန်ကြီးနှင့် ဓာတ်ခွဲခန်းဝန်ထမ်းများ၏ အစိုးရအသိအမှတ်ပြုလိုင်စင်များ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းတစ်ဦးချင်း၏ အစိုးရအသိအမှတ်ပြု လိုင်စင်နှင့် လက်မှတ်အထောက်အထားများ၊

(၁၂) စမ်းသပ်စစ်ဆေးနိုင်သည့် ဓာတ်ခွဲစမ်းသပ်မှု အမျိုးအစားများ၊

(၁၃) ဓာတ်ခွဲစစ်ဆေးမှုအဖြေများအတွက် တိကျမှုအာမခံချက်၊

(၁၄) သက်ဆိုင်ရာအခွန်ဦးစီးဌာနမှ အခွန်ကင်းရှင်းကြောင်း အထောက်အထား၊

(၁၅) ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးဆိုင်ရာစာရင်းဖော်ပြချက် (Financial Statement)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီ၏ ဘဏ်လက်ကျန်ငွေကျပ် ၆၅,၀၀၀,၀၀၀/-(ကျပ်ခြောက်ရာ့ငါးဆယ်သိန်းတိတိ) ရှိကြောင်း ဘဏ်ထောက်ခံချက်ပါရှိရမည်။ ၎င်းဘဏ်ထောက်ခံချက်ကို တင်ဒါလျှောက်လွှာတင်သွင်း သည့်နေ့တွင် တစ်ပါတည်းထည့်သွင်းရမည်၊

(၎င်းဘဏ်လက်ကျန်ငွေသည် တင်ဒါအောင်မြင်သူအား ကြေညာသည့်အချိန်ထိရှိရမည်။)

(၁၆) ဝန်ကြီးဌာနတင်ဒါကော်မတီအစည်းအဝေးသို့ အဆုံးအဖြတ်ပေးနိုင်သည့် **ဥက္ကဋ္ဌ (သို့မဟုတ်) Managing Director** ကိုယ်တိုင် **မဖြစ်မနေ** တက်ရောက်နိုင်ရမည်။

၂၂။ အိတ်ဖွင့်တင်ဒါ အောင်မြင်သူသည် လူမှုဖူလုံရေးအဖွဲ့နှင့် **လုပ်ငန်းဆောင်ရွက်မည့်ကာလမှာ (၃) နှစ်** ဖြစ်ပြီး လိုအပ်ပါက နှစ်ဖက်ညှိနှိုင်း၍ သက်တမ်းတိုး ဆောင်ရွက်နိုင်ရမည်။

**တင်ဒါရွေးချယ်မှုလုပ်ငန်းစဉ်များ**

၂၃။ တင်ဒါရွေးချယ်မှု လုပ်ငန်းစဉ်များအား အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်-

| စဉ် | အကြောင်းအရာ | နေ့ရက်နှင့်အချိန်ကာလ |
|---|---|---|
| (က) | သတင်းစာတွင်ကြော်ငြာခြင်း။ | ၂၂-၅-၂၀၂၃ ရက်နေ့မှ ၂၃-၅-၂၀၂၃ ရက်နေ့အထိ |
| ( ခ ) | တင်ဒါပုံစံများ ရောင်းချခြင်း။ | ၂၂-၅-၂၀၂၃ ရက်နေ့မှ ၂၆-၅-၂၀၂၃ ရက်နေ့အထိ **(ရုံးချိန်အတွင်း)** |
| ( ဂ ) | Information Session ပြုလုပ်ခြင်း။ | ၂၉-၅-၂၀၂၃ ရက်နေ့ |
| (ဃ) | နည်းပညာဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအဆိုပြုလွှာများ လက်ခံခြင်း။ | ၅-၆-၂၀၂၃ ရက်နေ့ (ညနေ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်) |
| ( င ) | Presentation ပြုလုပ်ခြင်းနှင့် နည်းပညာဆိုင်ရာစိစစ်ရွေးချယ်ခြင်း။ | ၆-၆-၂၀၂၃ နှင့် ၇-၆-၂၀၂၃ ရက်နေ့ (ရက်အပြောင်းအလဲရှိပါက ပြန်လည်အကြောင်းကြားပါမည်။) |

| | | |
|---|---|---|
| ( စ ) | ပဏာမစိစစ်ရွေးချယ်ထားသော ကုမ္ပဏီများ၏ ဈေးနှုန်း တင်သွင်းလွှာများအား ဖွင့်ဖောက်ခြင်းနှင့် တင်ဒါစိစစ်ရွေး ချယ်ခြင်း။ | ၉-၆-၂၀၂၃ မှ ၁၂-၆-၂၀၂၃ ရက်နေ့အတွင်း (ရက်အပြောင်းအလဲရှိပါက ပြန်လည်အကြောင်းကြားပါ မည်။) |
| (ဆ) | တင်ဒါအောင်မြင်သော ကုမ္ပဏီအားအကြောင်းကြားခြင်းနှင့် ဝန်ကြီးဌာန websiteတွင် ကြေညာခြင်း။ | ၁၆-၆-၂၀၂၃ ရက်နေ့ |

၂၄။ တင်ဒါရွေးချယ်ခြင်းနှင့် အပ်နှင်းခြင်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) တို့နှင့် အညီ တင်ဒါသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တင်ဒါတင်သွင်းခွင့်ရှိသောကုမ္ပဏီများ**

၂၅။ တင်ဒါတင်သွင်းသောကုမ္ပဏီများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တရားဝင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံသားပိုင် သက်တမ်းရှိကုမ္ပဏီဖြစ်ရမည့်အပြင် နိုင်ငံတော်က သတ်မှတ်ထားသောအခွန်များ ပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။

**တင်ဒါတင်သွင်းရန် အခြေခံညွှန်ကြားချက်များ**

၂၆။ တင်ဒါတင်သွင်းရာတွင် နည်းပညာဆိုင်ရာနှင့် ဝန်ဆောင်မှုဆိုင်ရာ အဆိုပြုလွှာစာအိတ် (A)(က)(ခ) ၊ ငွေကြေးဆိုင်ရာအဆိုပြုလွှာစာအိတ် (B) များကို ရှင်းလင်းတိကျစွာ ထည့်သွင်း ဖော်ပြရမည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများသည် သတ်မှတ်ထားသော တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် အချက်အလက်များကို သိရှိသဘောပေါက်နားလည်ရမည်ဖြစ်ပြီး တိကျစွာ လိုက်နာဆောင်ရွက်ရပါမည်။

**တင်ဒါအနိုင်ရရှိသည့်ကုမ္ပဏီအားထုတ်ပြန်ကြေညာခြင်း**

၂၇။ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်အနိုင်ရရှိသည့် ကုမ္ပဏီအားဝန်ကြီးဌာန၏ Offcial Website (www.mol.gov.mm) တွင် ကြေညာပေးမည်ဖြစ်ပြီး ရုံးစာ၊ ဖုန်း၊ e-mail တို့ဖြင့်လည်း ဆက်သွယ်အကြောင်းကြားပေးမည် ဖြစ်ပါသည်။

**တင်ဒါတင်သွင်းရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၂၈။ ကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းရာတွင် အောက်ပါစာရွက်စာတမ်းများအား ပြည့်စုံစွာ တင်သွင်းရပါမည်-

**စာအိတ် (A)(က)**

(က) တင်ဒါအဆိုပြုလွှာ (မူရင်း)၊

(ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)၊

(ဂ) တင်ဒါအာမခံငွေပေးသွင်းထားသော ငွေသွင်းစာရွက် (မူရင်း)၊

(ဃ) သက်ဆိုင်ရာအခွန်ဦးစီးဌာနမှ အခွန်ကင်းရှင်းကြောင်း အထောက်အထား၊

(င) ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးဆိုင်ရာစာရင်းဖော်ပြချက် (Financial Statement)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီ၏ ဘဏ်လက်ကျန်ငွေ ကျပ်၆၅,၀၀၀,၀၀၀/-(ကျပ်ခြောက်ရာ့ငါးဆယ်သိန်းတိတိ) ရှိကြောင်း ဘဏ်ထောက်ခံ ချက်ပါရှိရမည်။ ၎င်းဘဏ်ထောက်ခံချက်ကို တင်ဒါလျှောက်လွှာတင်သွင်း သည့်နေ့တွင် တစ်ပါတည်းထည့်သွင်းရမည်၊

(၎င်းဘဏ်လက်ကျန်ငွေသည် တင်ဒါအောင်မြင်သူအား ကြေညာသည့်အချိန်ထိရှိရမည်။)

**စာအိတ် (A)(ခ)**

(က) တင်ဒါအဆိုပြုလွှာ (မိတ္တူ)၊

(ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)၊

(ဂ) တင်ဒါအာမခံငွေပေးသွင်းထားသော ငွေသွင်းစာရွက် (မိတ္တူ)၊

(ဃ) သက်ဆိုင်ရာအခွန်ဦးစီးဌာနမှ အခွန်ကင်းရှင်းကြောင်း အထောက်အထား၊

(င) ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးဆိုင်ရာစာရင်းဖော်ပြချက် (Financial Statement)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီ၏ ဘဏ်လက်ကျန်ငွေ ကျပ်၆၅,၀၀၀,၀၀၀/-(ကျပ်ခြောက်ရာ့ငါးဆယ်သိန်းတိတိ) ရှိကြောင်း ဘဏ်ထောက်ခံချက်ပါရှိရမည်။ ၎င်းဘဏ်ထောက်ခံချက်ကို တင်ဒါလျှောက်လွှာတင်သွင်း သည့်နေ့တွင် တစ်ပါတည်းထည့်သွင်းရမည်၊

(၎င်းဘဏ်လက်ကျန်ငွေသည် တင်ဒါအောင်မြင်သူအား ကြေညာသည့်အချိန်ထိရှိရမည်။)

(စ) ကုမ္ပဏီရုံးစိုက်သည့် လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ e-Mail၊

(ဆ) နေပြည်တော်တွင် ရုံးခွဲရှိပါက နေပြည်တော်ရုံးခွဲ လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ e-Mail၊

(ဇ) ခေတ်ခွဲခန်းအတွက် လုပ်ငန်းလိုင်စင်များ၊ ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေ၊ စက်ပစ္စည်းများ၊ တာဝန်ယူဆောင်ရွက်သည့် ဆရာဝန်များ၏ သက်တမ်းရှိလိုင်စင်များ၊

**စာအိတ် (B)**

(က) ငွေကြေးဆိုင်ရာ အဆိုပြုလွှာ

၂၉။ တင်ဒါခေါ်ယူဆောင်ရွက်မည့် ဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ၁-၆-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| လိပ်စာ | - | လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊အမှတ်-ဥ/၇၇ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |
| ဖုန်း | - | ၀၆၇-၃၄၁၇၉၁၆၊၀၆၇-၃၄၁၇၉၁၈၊ ၀၆၇-၃၄၁၇၉၅၃ |
| ဖက် (စ်) | - | ၀၆၇-၃၄၁၇၉၃၉ |